MONTHLY

# NEWSLETTER

VOLUME [ 6 ]    1st - 30th JUNE - 2020

AYA SOMPO insurance


## What is RISK? 02

「ရောဂါကပ်ဆိုးများနည်းတူ မိမိပိုင်ဆိုင်သော ကား၊ အိမ်၊ ကုန်ပစ္စည်းများအပေါ်.....」

HR Department

## COVID-19 ကူသကာကွယ်ရန် ဆောင်ရွက်နေသော ပုသိမ်ဆေးရုံကြီးသို့ ငွေကျပ် သိန်း(၁၅၀)လှူဒါန်း 04

Corporate Planning Department

## Commute with A Peace of Mind 06

「အများပြည်သူများ စိတ်ချလုံခြုံစွာ ခရီးသွားလာနိုင်ဖို့အတွက် **Grab** အငှားယာဉ် ၁,၀၀၀ ကို ပိုးသတ် သန့်စင်ပေး .....」

Corporate Planning Department

## Stay Fit and Healthy with AYASOMPO Campaign မှာ ပါဝင်ရင်း ဆုများကို ရယူလိုက်ပါ.... 08

Corporate Planning Department

## Staff Dialogue Live Event Session 09

HR Department





No.23, Kan Yeik Thar Road,
Tha Pyay Gone Ward,
Mingalar Taung Nyunt Township,
Yangon(East), Yangon, Myanmar.

info@ayasompo.com

**Customer Service:**
csinfo@ayasompo.com

**Website Link:**
www.ayasompo.com

+95-9-966662883

# What is RISK?

[illegible]




လူတိုင်းသည် နေ့စဉ်နှင့်အမျှ မမျှော်လင့်သော အန္တရာယ်များ၊ ဆုံးရှုံးမှုများကို တွေ့ကြုံလျက်ရှိပါတယ်။ ကားမောင်းနေစဉ်တွင် လည်းကောင်း၊ လမ်းမပေါ်တွင် လမ်းလျှောက်သွားစဉ်သော်လည်းကောင်း၊ စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်းကောင်း မမျှော်လင့်သော အန္တရာယ်များနှင့် ဆုံးရှုံးမှုများစွာ တွေ့ကြုံနေရပါတယ်။

ယခုအခါ ကမ္ဘာတစ်ဝှမ်းဖြစ်ပွားလျက်ရှိသော Covid-19 ကပ်ရောဂါကြီးဟာဆိုရင် ဘယ်သူကမှ မျှော်လင့် မထားခဲ့ပါဘူး။ ဒီလိုအခြေအနေအတွက် ကြိုတင်ပြင်ဆင်ထားမဲ့သူ တစ်ဦးတစ်ယောက်များ ရှိခဲ့မယ်လို့ ထင်ပါသလား။ ဒီကပ်ရောဂါအတွက် အထူးတလည်ပြင်ဆင်ထားခြင်းမျိုး မဟုတ်ပေမဲ့ ကျန်းမာရေးအာမခံထားရှိထားသူများဟာဆိုရင်တော့ ၎င်းတို့ရဲ့ ကျန်းမာရေးနှင့် စပ်လျဉ်းပြီး နောက်ဆက်တွဲအနေနဲ့ ပေါ်ပေါက်လာနိုင်တဲ့ ဆေးကုသစရိတ်များ၊ ကုန်ကျစရိတ်များအတွက် ဂန်ထုပ်ဂန်ပိုး ခံစားရခြင်းနှင့် စိတ်ပူပန်ရခြင်းမျိုး မရှိနိုင်တော့ပါဘူး။

ရောဂါကပ်ဆိုးများနည်းတူ မိမိပိုင်ဆိုင်သောကား၊ အိမ်၊ ကုန်ပစ္စည်းများအပေါ်ကိုလည်း မည်သည့်အချိန်၊ မည်သို့သော အကြောင်းအရာများဖြင့် မည်သည့်အန္တရာယ်များ ကျရောက်လာနိုင်သည်ကို ကြိုတင် ခန့်မှန်းနိုင်သော အခြေအနေများရှိသကဲ့သို့ မမျှော်မှန်းနိုင်သော အန္တရာယ်များစွာလည်း ရှိပါတယ်။

ကြိုတင်မခန့်မှန်းနိုင်သော အန္တရာယ် Risk များ ကျရောက်မှုကြောင့် Impact နောက်ဆက်တွဲ ထိခိုက်ပျက်စီးဆုံးရှုံးမှု Loss & Damage များကို ဖြစ်ပေါ်စေပါတယ်။ တနည်းအားဖြင့် ကိုယ်မမျှော်လင့်ဘဲ ဖြစ်ပေါ်လာနိုင်တဲ့ ကိုယ့်ကြုံတွေ့ရမဲ့ ဒုက္ခ၊ ကိုယ့်ရဲ့ပြဿနာကို ဖြေရှင်းပေးမည့် စနစ်နဲ့ ငွေကြေးအတွက် ကြိုတင်ပြီး အစီအမံ ပြုလုပ်ထားခြင်းကို ဆိုလိုပါတယ်။ ထိုသို့ ကြိုတင်စီမံရာတွင်လည်း တစ်ဦးနှင့် တစ်ဦး risk အပေါ် ထားရှိသော ခံနိုင်ရည်အပေါ် မူတည်ပြီးလဲ Risk များ၏ အရေးပါပုံမှာ ကွဲပြားသွားပါတယ်။

အန္တရာယ် (Risk) ဟု ဆိုလိုက်လျှင် အကြောင်းအရာတစ်ခုတည်းမှ ဆင်းသက်လာခြင်းမဟုတ်ပါ။ အန္တရာယ်(Risk) ဖြစ်စေသည့် အရင်းအမြစ်များနှင့် အန္တရာယ်(Risk)၏ အတိမ်အနက်၊ အကျိုးသက်ရောက်မှုအပေါ် မူတည်ပြီး ခွဲခြားလေ့လာ မည်ဆိုပါက အမျိုးအစား(၅)မျိုး ခွဲခြားထားသည်ကို တွေ့ရှိရပါတယ်။

1. Fundamental Risk & Particular Risk,
2. Pure Risk & Speculative Risk,
3. Dynamic Risk & Static Risk,
4. Financial Risk & Non-Financial Risk,
5. Catastrophic Risk & Important Risk

ဆက်လက်ပြီး အန္တရာယ် Risk ဆိုတာ ဘာကိုခေါ်တယ်။ အဲ့အန္တရာယ်တွေ ဖြစ်လာတဲ့အခါ ဆုံးရှုံးမှုများမှ သက်သာအောင်မည်သည့်နည်းနဲ့ အကာအကွယ်ပြုရမည်ဆိုတာ၊ မည်သည့်ဆုံးရှုံးမှုအတွက် ဘယ်လိုကာကွယ်မှုမျိုးကို ကြိုတင်ပြင်ဆင်မယ်ဆိုတာတွေ ဆောင်ရွက်ဖို့အတွက် Risk အမျိုးအစားများကို အသေးစိတ်သိရှိနားလည်ဖို့တော့ လိုအပ်ပါတယ်။

အဲ့ဒီအချက်အလက်လေးတွေကိုတော့ နောက်လမှာ ဆက်လက်ဖော်ပြသွားမှာဖြစ်လို့ ဆက်လက်ဖတ်ရှုပေးဖို့ တိုက်တွန်းအပ်ပါတယ်။

HR Department



# COVID-19 ကုသကာကွယ်ရန် ဆောင်ရွက်နေသော ပုသိမ်ဆေးရုံကြီးသို့ ငွေကျပ် သိန်း(၁၅၀)လှူဒါန်း




ဧရာဝတီဖောင်ဒေးရှင်းသည် COVID-19 ကုသကာကွယ်ရန် ဆောင်ရွက်နေသော ပုသိမ် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများ လိုအပ်သလို အသုံးပြုနိုင်ရန်နှင့် ဆေးရုံကြီး၏ အထွေထွေ လိုအပ်ချက်များ၊ ပြင်ဆင်ရန် လိုအပ်နေသော စက်ပစ္စည်းများ ပြန်လည် ပြုပြင်နိုင်ရန်အတွက် ငွေကျပ် သိန်း(၁၅၀) လှူဒါန်းခဲ့ပါသည်။ ထို့အတူ မလေးရှားမှ ပြန်လည်ရောက်ရှိလာသည့် COVID-19 ကူးစက်ခံရသူနှင့် ၎င်း၏ မိသားစု အဆင်ပြေစေရန် ငွေကြေး (၅)သိန်း ထောက်ပံ့ ကူညီပေးခဲ့ပါသည်။



နိုင်ငံတစ်ဝှမ်းမှ ဆေးရုံများ၊ Emergency Ambulance Service (EAS) နှင့် လူမှုရေး အသင်းအဖွဲ့များသို့ အရေးပေါ်လူနာ သယ်ယူပို့ဆောင်နိုင်ရန် ကုသရေး ပစ္စည်းကိရိယာများ ပါဝင်သော ဆေးရုံကား အစီး (၂၈) ကျော် လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ ထိုအထဲမှ အချို့လူနာ တင်ယာဉ်များသည် ယနေ့တိုင် အကျိုးရှိစွာ အသုံးပြုလျက်ရှိသော်လည်း အချို့မှာ ပြင်ဆင်စရိတ် အခက်အခဲကြောင့် ရပ်နားထားရသည်ကို စိတ်မကောင်းဖွယ်







ကြားသိရပါသည်။ ပုသိမ်ဆေးရုံကြီးသို့ လှူဒါန်းထားသော လူနာတင်ယာဉ် တစ်စီးသည် အသုံးမပြုနိုင်ဘဲ ကာလအတန်ကြာအောင်ရပ်နားထားခဲ့ရာမှ ဆေးရုံအုပ်ကြီးဒေါက်တာသန်းမင်းထွဋ်၏ဦးဆောင်မှုဖြင့်ပြန်လည်ပြုပြင်နိုင်ခဲ့ရာ ဆရာဝန်ကြီးအား အထူးလေးစားကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။

" အာရောဂျံ ပရမံ လာဘံ " ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟုဆိုရိုးရှိသကဲ့သို့ သက်ရှည်ကျန်းမာစွာ နေထိုင်ခြင်းသည် လာဘ်ကြီးတစ်ပါး ဖြစ်ပါသည်။ အလားတူပင် လူသားတို့က တီထွင်ဖန်တီးထားသော သက်မဲ့စက်ပစ္စည်းများကိုလည်း မိမိအတွက်၊ အများအကျိုးအတွက်၊ နိုင်ငံအတွက် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြင့် သက်တမ်းကုန်ဆုံးသည်အထိ အကျိုးရှိစွာ အသုံးပြုနိုင်ရန် လေးနက်စွာ ဆန္ဒပြုအပ်ပါသည်။

Corporate Planning Department



# COMMUTE with A PEACE OF MIND




**AYA SOMPO အာမခံအနေနဲ့ AIA Myanmar, AYA Bank တို့နဲ့ ပူးပေါင်းပြီး ဒီကာလအတွင်းမှာ အများပြည်သူများ စိတ်ချလုံခြုံစွာ ခရီးသွားလာနိုင်ဖို့အတွက် Grab အငှားယာဉ် ၁,၀၀၀ ကို ပိုးသတ် သန့်စင်ပေး ......**

AYA SOMPO အာမခံအနေနဲ့ AIA Myanmar, AYA Bank တို့နဲ့ပူးပေါင်းပြီး ဒီကာလအတွင်းမှာ အများ ပြည်သူများ စိတ်ချလုံခြုံစွာ ခရီးသွားလာနိုင်ဖို့အတွက် Grab အငှားယာဉ် ၁,၀၀၀ ကို ပိုးသတ် သန့်စင်ပေးမှာ ဖြစ်ပါတယ်။






ပြောင်းလဲလာတဲ့ လူနေမှုဘဝပုံစံ အသစ်မှာ ကျန်းမာရေး အသိနဲ့ ယှဉ်တွဲနေထိုင်နိုင်ဖို့က အရေးကြီးပါတယ်။ ဒါမှလဲ နေ့စဉ်သွားလာနေထိုင်မှုမှာ စိုးရိမ်စိတ်ကင်းနိုင်မှာပါ။ ဒီပိုးသတ်သန့်စင်မှုကတော့ မဖြစ်မနေသွားလာနေရတဲ့ ဝန်ထမ်းတွေ၊ ပြည်သူလူထုနဲ့ ယာဉ်မောင်းသူတွေ စိုးရိမ်စိတ်ကို လျော့ချပေးနိုင်ပြီးယာဉ်အတွင်း သန့်ရှင်းမှု အဆင့်ကိုလည်း မြှင့်တင်ပေးရာရောက်မှာဖြစ်ပါတယ်။

အဆိုပါ အစီအစဉ်ကိုတော့ မေလ(၂၄)ရက်နေ့က စတင်ပြီး iCar Auto Service Center မှာ အထူး သန့်စင် ကိရိယာတွေ၊ ကျွမ်းကျင်သူတွေနဲ့အတူ ပိုးသတ်သန့်စင်ပေးသွားမှာပါ။

Corporate Planning Department



# Stay Fit and Healthy with AYA SOMPO

Campaign မှာပါဝင်ရင်း

ဆုများကို ရယူလိုက်ပါ။




## Stay Fit and Healthy with AYA SOMPO Campaign မှာ ပါဝင်ရင်း တစ်နှစ်စာ ကျန်းမာရေးအာမခံနဲ့ Exclusive Gift Set တွေကို ကံစမ်းလိုက်ရအောင်......

AYA SOMPO အာမခံမှ Customer များ၏ လိုအပ်ချက်နှင့် ကိုက်ညီ၍ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် လိုအပ်သော မေးခွန်းလေးတွေကို ဖော်ပြပါ https://bit.ly/ayasompo မှတဆင့် ဝင်ရောက်ဖြေကြားပေးရုံနဲ့ AYA SOMPO ရဲ့ တစ်နှစ်စာ ကျန်းမာရေးအာမခံ (T&C apply) နဲ့ Exclusive Gift Set တို့ကို ကံစမ်းနိုင်မှာ ဖြစ်ပါတယ်။

ဒီ Campaign ကိုတော့ 7.6.2020 ရက်နေ့အထိ ပြုလုပ်သွားမှာဖြစ်ပြီး 10.6.2020 မှာတော့ ကံထူးသူ (၁၀)ဦးကို ရွေးချယ်ပေးသွားမှာ ဖြစ်ပါတယ်။ ကံထူးသူ (၁၀)ဦးအနက် (၃)ဦးကိုတော့ AYA SOMPO ရဲ့ တစ်နှစ်စာ ကျန်းမာရေးအာမခံ (T&C apply) ပေးသွားမှာ ဖြစ်ပြီး ကျန် (၇) ဦးကိုတော့ AYA SOMPO ရဲ့ Exclusive Gift Set ကို ပေးသွားမှာပဲ ဖြစ်ပါတယ်။ AYA SOMPO အာမခံ၏ ဝန်ထမ်းများ ပါဝင်ဆင်နွှဲခွင့်မရှိပါ။ အငြင်းပွားဖွယ်ရာ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက AYA SOMPO အာမခံ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပါသည်။

AYA SOMPO Insurance - Your Partner for Life


Corporate Planning Department





**ဝန်ထမ်းများအား မိမိတို့သိလိုသော အကြောင်းအရာ၊ ဆွေးနွေးတင်ပြလိုသော အကြောင်းအရာများ ကို Management များထံသို့ ပွင့်လင်းစွာ တင်ပြဆွေးနွေးနိုင်ရန်အတွက် လတစ်လ၏ နောက်ဆုံးအပတ်စဉ် သောကြာနေ့တိုင်းတွင် ကျင်းပပြုလုပ်ပေးလျက်ရှိ.........**

AYA SOMPO အာမခံကုမ္ပဏီမှ ဝန်ထမ်းများအား မိမိတို့သိလိုသော အကြောင်းအရာ၊ ဆွေးနွေးတင်ပြလိုသော အကြောင်းအရာများကို Management များထံသို့ ပွင့်လင်းစွာ တင်ပြ ဆွေးနွေးနိုင်ရန်အတွက် လတစ်လ၏ နောက်ဆုံးအပတ်စဉ် သောကြာနေ့တိုင်းတွင် ကျင်းပ ပြုလုပ်ပေးလျက်ရှိပါသည်။ ယခင်လများနှင့်မတူပဲ YGN HO နှင့် Branch များသာမက အခြားမြို့နယ်များရှိ ဇရာဆွန်ပို ရုံးခွဲများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ပါဝင်ဆွေးနွေးနိုင်ရန်အတွက် "Staff Dialogue Live Event Session" ကို ၂၀၂၀ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။









အဆိုပါ Live Event session ကို အနယ်နယ် အရပ်ရပ်မှ ရောဆွန်ပို အာမခံဝန်ထမ်းများ (၂၀၂) ယောက် တက်ရောက်ခဲ့ပြီး Main speaker အဖြစ် ဦးကျော်မျိုးဝင်း(Divisional Head Business Division) နှင့် Co-speaker အဖြစ် ဦးထက်ဝေမင်း (Head of HR Department) တို့မှ ဝန်ထမ်းများ သိလိုသော အကြောင်းအရာများကို Discussion & Feedback session အနေဖြင့် ပါဝင်ဆွေးနွေး ဖြေကြားပေးခဲ့ပါသည်။ ပါဝင် ဆွေးနွေးပေးပါသော သက်ဆိုင်ရာ လူကြီးမင်းများ နှင့် ဝန်ထမ်းများအားလုံးကို HR Department မှ အထူး ပင် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

HR Department



